*J. Myanmar Acad. Arts Sci. 2023* **Vol. XXI. No.4**

# ခင်ခင်ထူး၏ ဝတ္ထုတိုများနှင့် လူ့သဘာဝအဖွဲ့

အေးမွန်ဆွေ*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ခင်ခင်ထူး၏ ဝတ္ထုတိုများမှ လူ့သဘာဝအဖွဲ့ကို သုတေသနပြု ဖော်ထုတ်ထားသော စာတမ်းဖြစ်ပါသည်။ သုတေသနပြုရာတွင် (၂၀၀၃) ခုနှစ် အမျိုးသားစာပေဆုရသော ခင်ခင်ထူး၏ ဖက်စိမ်းကွမ်းတောင် ရွှေဝတ္ထုများကို အလေ့လာခံအဖြစ် ရွေးချယ်သတ်မှတ်ကာ တင်ပြထားပါသည်။ ခင်ခင်ထူး၏ ဝတ္ထုတိုများမှ လူ့သဘာဝအဖွဲ့များသည် ဒိဋ္ဌဓမ္မ လူ့လောက ပတ်ဝန်းကျင်တွင်တွေ့ရသော လူ့သဘာဝ အဖွဲ့များနှင့် လိုက်လျောညီထွေမှုရှိမရှိ လေ့လာတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ** - ဝတ္ထုတို၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ လူ့သဘာဝ၊ လောကသဘာဝ။

## ၁။ နိဒါန်း

ဤစာတမ်းသည် "ခင်ခင်ထူး၏ ဝတ္ထုတိုများနှင့် လူ့သဘာဝအဖွဲ့"ကို ဆန်းစစ်လေ့လာ တင်ပြထားသော စာတမ်းဖြစ်ပါသည်။ စာရေးသူသည် အညာကျေးလက်ဒေသ နောက်ခံဝတ္ထုများဖြင့် သရုပ်မှန် ဝတ္ထုစာပေ လက်ရာများကို ဖန်တီးရေးသားခဲ့သူဖြစ်သည်။ ဖက်စိမ်းကွမ်းတောင် ရွှေဝတ္ထုတိုများသည် (၁၉၉၅) ခုနှစ်မှ (၂၀၀၁) ခုနှစ်အထိ ရွှေအမြုတေမဂ္ဂဇင်းတွင် ရေးသားခဲ့သော ခင်ခင်ထူး၏ ခံစားမှု ဝတ္ထုတိုများဖြစ်သည်။ ထိုကျေးလက်ဒေသ နောက်ခံပြု၍ ရေးသားထားသော ဝတ္ထုတိုများ၏ လူ့သဘာဝ အဖွဲ့ကိုသာ လေ့လာမှုပြုထားခြင်း ဖြစ်ပါသည်။

### ၁၊ ၁။ သုတေသန၏ ရည်ရွယ်ချက်

စာရေးဆရာတို့သည် ၎င်းတို့၏ အတွေ့အကြုံခံစားမှုမှတစ်ဆင့် ဖြစ်ပေါ်လာသော စေတနာကို အခြေပြု၍ ဝတ္ထုများကို ရေးသားလေ့ရှိပါသည်။ စာရေးဆရာတို့၏ ဘဝအသိရင့်သန်သည်နှင့်အမျှ ဖတ်ရှုသူတို့အတွက် တန်ဖိုးမဖြတ်နိုင်သော ဘဝအသိကိုလည်း ရရှိစေပါသည်။ ဖက်စိမ်းကွမ်းတောင် ရွှေဝတ္ထုတိုများကို ဖတ်ရှုလေ့လာမိရာမှ ပတ်ဝန်းကျင်ရှိလူတို့၏ သဘောသဘာဝများကို ဂရုပြုမိသော ကြောင့် ဤစာတမ်းကို လေ့လာတင်ပြ ထားခြင်း ဖြစ်ပါသည်။

### ၁၊ ၂။ သုတေသနမေးခွန်းနှင့် ပြဿနာ

ခင်ခင်ထူး၏ ဝတ္ထုတိုများမှ လူ့သဘာဝအဖွဲ့ကို လေ့လာရာတွင်

၁။ လူ့သဘာဝအဖွဲ့ဟူသည် အဘယ်နည်း။

၂။ ခင်ခင်ထူး၏ ဝတ္ထုတိုများမှ လူ့သဘာဝအဖွဲ့များသည် ဒိဋ္ဌဓမ္မလောကမှ လူ့စရိုက် လူ့သဘာဝ များနှင့် တူညီမှု ရှိပါသလား။

*မြန်မာစာဌာန၊ ပြည်တက္ကသိုလ်

၃။ ခင်ခင်ထူး၏ ဝတ္ထုတိုများရှိ လူ့သဘာဝအဖွဲ့ကို သဘာဝကျအောင် ဖွဲ့ရာတွင် မည်သည့်နည်းကို အများဆုံး အသုံးပြု၍ ရေးသားထားသနည်း။

ဟူသော မေးခွန်းများ ပေါ်ထွက်လာပါသည်။

မေးခွန်းနံပါတ် ၁ သည် အဖြေရှာရ လွယ်ကူသော်လည်း ကျန်မေးခွန်းများသည် ပြဿနာများ ဖြစ်လာပါသည်။ ထိုပြဿနာများကို ဖြေရှင်းရန် ခင်ခင်ထူး၏ ဝတ္ထုတိုများကို ဖတ်ရှုလေ့လာရမည် ဖြစ်ပါသည်။ မြန်မာစာပေပညာရှင်များ၏ အဆိုအမိန့်များကို ဖတ်ရှုလေ့လာပြီး အဖြေရှာဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ၁၊ ၃။ သုတေသနနယ်ပယ်ကန့်သတ်ချက်

သုတေသနနယ်ပယ်ကန့်သတ်ရာတွင် ခင်ခင်ထူးရေးသားထားသော ဝတ္ထုတို(၁၅) ပုဒ်မှ (၁)ခရီးဖော်၊ (၂) ပုံဆိုးမ၊ (၃) ပိုးဖလံဟူသော လူ့စရိုက်လူ့သဘာဝကို ထင်ဟပ်စေသော ဝတ္ထု(၃)ပုဒ်ကိုသာ အလေ့လာခံအဖြစ် ကောက်နုတ် ရွေးချယ်၍ လေ့လာမှုပြုထားပါသည်။

## ၁၊ ၄။ သုတေသနနောက်ခံအချက်အလက်များ

သုတေသနနောက်ခံအချက်အလက်များတွင် ခင်ခင်ထူး၏ အတ္ထုပ္ပတ္တိကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

## ၁၊ ၄၊ ၁။ ခင်ခင်ထူး၏ အတ္ထုပ္ပတ္တိ

ခင်ခင်ထူးသည် (၁၉၆၅) ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် မြင်းခြံမြို့၌ အဖဦးညို၊ အမိ ဒေါ်မြတင်တို့မှ မွေးဖွားခဲ့သည်။ မွေးချင်းခြောက်ယောက်ရှိသည့်အနက် တတိယမြောက်ဖြစ်၍ အမည်ရင်းမှာ မထူးထူး ဖြစ်သည်။

ငယ်စဉ်က မြင်းခြံမြို့ အစိုးရအလယ်တန်းကျောင်း၊ မန္တလေးမြို့ အစိုးရအထက်တန်းကျောင်းတို့၌ ပညာသင်ကြားခဲ့သည်။ (၁၉၈၅) ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဓာတုဗေဒအဓိကဖြင့် သိပ္ပံဘွဲ့ ရရှိခဲ့သည်။

မန္တလေး-မတ္တရာ၊ ပေါက်တောကျေးရွာ၊ မူလတန်းကျောင်းတွင် ကျောင်းဆရာမတာဝန်ကို ထမ်းဆောင်ရင်း ဝတ္ထုများကိုစတင်ရေးသားခဲ့သည်။ (၁၉၉၃) ခုနှစ်၊ ဧပြီလထုတ် ရွှေဝတ်မှုန် မဂ္ဂဇင်းတွင် ပါရှိသော "ပန်းပန်ပါရစေ" ဝတ္ထုတိုဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။

ခင်ခင်ထူးသည် (၁၉၉၄) ခုနှစ် မိုးမိုး(အင်းလျား) အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲတွင် "ဘယ်ကွက်လပ်" ဝတ္ထုတိုဖြင့်လည်းကောင်း၊ မြန်မာ့မီးရထား ဝတ္ထုတိုပြိုင်ပွဲတွင် "ရေခပ်မီနှံ့သာသွေး မိုးချုပ်ချည့်လေး" ဝတ္ထုတိုဖြင့် လည်းကောင်း ဆုရရှိခဲ့သည်။ (၂၀၀၃) ခုနှစ် အမျိုးသား စာပေဝတ္ထုတိုဆုကို "ဖက်စိမ်းကွမ်းတောင်" ဝတ္ထုတိုပေါင်းချုပ်စာအုပ်ဖြင့် ရရှိခဲ့သည်။ (၂၀၀၈) ခုနှစ်တွင် ထွန်း ဖောင်ဒေးရှင်း စာပေဆု၊ သမိုင်းဘာသာရပ်အနေဖြင့် "အညာသူ အညာသား ကျွန်မဆွေမျိုးများ" စာအုပ်ဖြင့်ရရှိခဲ့သည်။

ခင်ခင်ထူးရေးသားခဲ့သော ဝတ္ထုရှည်များမှာ ခမည်းကြိုး၊ ဝတ်လဲတော်ရွှေပုဆိုး တန်းထိုးလို့ ကြိုမယ်၊ ပန်းကြာဝတ်မှုန်၊ မအိမ်ကံ၊ ဆူးပန်းခွေသွယ်ဘယက်နှင့် ပေရွက်လိပ်နားတောင်းဆင်၊ တောမင်းသမီးတို့ဖြစ်သည်။ မဂ္ဂဇင်းဝတ္ထုရှည်များမှာ ကြာဆစ်ရိုး၊ စံပယ်တင်မှဲ့၊ ပိုးရည်တောင်စာ တို့ဖြစ်သည်။ ဝတ္ထုလတ်များမှာ သုံးလွန်းတင်၊ သုံးပန်လှတို့ဖြစ်သည်။ ဝတ္ထုတိုများမှာ သနပ်ခါးပွင့်၊ ဖက်စိမ်းကွမ်းတောင်၊ ဆံရစ်ဝိုင်း၊ ဈေးခြင်းတောင်း၊ ပါးကွက်ကျား၊ လှည်းယဉ်ကြော့၊ ရက်ကန်းလွန်း၊ သျှောင်ပေစူးတို့ဖြစ်သည်။ဆောင်းပါးများမှာ အညာသူ အညာသား ကျွန်မဆွေမျိုးများ၊ပဲသင်းကောက်၊ ကျေးတစ်ရာ ရသစာစုများ ဖြစ်သည်။

ယခုအခါ ခင်ပွန်းဖြစ်သူ စာရေးဆရာနေဝင်းမြင့်၊ သမီးဖွေးဖွေးနေဝင်းမြင့်တို့နှင့်အတူ မန္တလေးမြို့ စ-၁ ရပ်ကွက်၊ အိမ်အမှတ် (၈၄)၊ ၆၇-၆၈ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်တွင် နေထိုင်လျက်ရှိပါသည်။

## ၂။ စာပေလေ့လာဆန်းစစ်ချက်

"ခင်ခင်ထူး၏ ဝတ္ထုတိုများနှင့် လူ့သဘာဝအဖွဲ့" ဟူသော စာတမ်းခေါင်းစဉ်အရ သီအိုရီပိုင်း ဆိုင်ရာ စာပေလေ့လာ ဆန်းစစ်ချက်ကို လေ့လာတင်ပြထားပါသည်။

## ၂၊ ၁။ သီအိုရီပိုင်းဆိုင်ရာ စာပေလေ့လာဆန်းစစ်ချက်

သီအိုရီပိုင်းဆိုင်ရာ စာပေလေ့လာဆန်းစစ်ချက်တွင် ဝတ္ထုတို၊ လူ့သဘာဝအဖွဲ့တို့ကို လေ့လာ တင်ပြထားပါသည်။

### ၂၊ ၁၊ ၁။ ဝတ္ထုတိုဟူသည်

ဝတ္ထုစာပေသည် စာဖတ်သူ၏ စိတ်နှလုံးကို ဆွဲဆောင်ဖမ်းယူနိုင်စွမ်းရှိသော စာပေတစ်မျိုးပင် ဖြစ်သည်။ ဝတ္ထုတိုနှင့်ပတ်သက်၍ ပညာရှင်အသီးသီးက အဓိပ္ပာယ်များ ဖွင့်ဆိုခဲ့ကြပါသည်။ သူရိယ ကန္တိက

> "ဝတ္ထုတိုဆိုသည်မှာ တစ်ထိုင်တည်းနှင့် အစအဆုံးလွယ်ကူစွာ ဖတ်ရှုနိုင်သော အရေးအသားမျိုး ဖြစ်သည်။" (သူရိယကန္တိ၊ ၂၀၁၆၊ ၁၆၇)

ဟူ၍လည်းကောင်း၊ မင်းယုဝေက အက်ဂါအယ်လင်ပိုး၏အဆိုဖြင့်

> "ဝတ္ထုတိုဆိုသည်မှာ အာရုံကျက်စားမှုတစ်ခုတည်းထိထိသာရှိရမည်။ တစ်ထိုင်တည်း ဖတ်နိုင်လောက်အောင်တိုရမည်။" (မင်းယုဝေ၊ ၁၉၇၉၊ ၁၆၆)

ဟူ၍လည်းကောင်း၊ မမိုးမြေက

> "ဝတ္ထုတို၏သဘောမှာ စာရေးသူ၏ဆိုလိုချက်တစ်ရပ်ဆီသို့ ရောက်အောင် ဇာတ်ဆောင် အနည်းဆုံး၊ ဇာတ်လမ်းဖြစ်ရပ်အနည်းဆုံးကို သုံး၍ ကျစ်ကျစ်လျစ်လျစ် တင်ပြရသော ဖန်တီးမှု အတတ်ပညာ ဖြစ်ပါသည်။" (မိုးမြေ၊ ၂၀၁၇၊ ၃၄)

ဟူ၍လည်းကောင်း ဖွင့်ဆိုထားပါသည်။

ဝတ္ထုတိုနှင့်စပ်လျဉ်း၍ ဂျက်ရစ်ချတ်ဆန် (Jack Richardson) ကမူ

"ဝတ္ထုတိုဟူသည် အဖြစ်အပျက်များက လူ၏တန်ဖိုးကို နက်နက် ရှိုင်းရှိုင်း ထုတ်ဖော် ပြောဆိုသည့် စကားပြေဇာတ်လမ်းပင် ဖြစ်သည်" (Richardson. Jack, 2014, 156)

ဟူ၍ ဖော်ပြထားပါသည်။

စာပေပညာရှင်အသီးသီး၏ ဖွင့်ဆိုချက်များအရ ဝတ္ထုတိုသည် အဖြစ်အပျက်၊အကြောင်းအရာ တစ်ခုကို တိုတိုကျဉ်းကျဉ်းနှင့် အချိန်အနည်းငယ်အတွင်းတွင် ဖတ်ရှုနိုင်သော ရသစာပေတစ်မျိုးပင် ဖြစ်သည်ဟု ဆိုရပါမည်။

## ၂၊ ၁၊ ၂။ လူ့သဘာဝအဖွဲ့ဟူသည်

ဝတ္ထုတိုတွင် ဇာတ်ဆောင်တို့၏စရိုက်ကိုဖော်ပြရာ၌ လူ့သဘောလူ့သဘာဝများကို ပေါ်လွင် အောင် သရုပ်ဖော်လေ့ရှိပါသည်။ ထိုသို့သရုပ်ဖော်ရာတွင် မိမိပတ်ဝန်းကျင်ကို ဂရုပြုမိအောင် ဒိဋ္ဌဓမ္မ လူ့လောကနှင့်ထင်ဟပ်၍ လူတို့၏အဖြစ်အပျက်နှင့် လိုက်လျောညီညွတ်အောင် ဖော်ဆောင်ရန် အရေးကြီးပါသည်။

လူ့သဘာဝအဖွဲ့နှင့်ပတ်သက်၍ မောင်ထင်က

"လူ့သဘာဝကို သရုပ်ဖော်သည်ဆိုသည်မှာ လူတို့၏အဆင်းသဏ္ဌာန်နှင့်တကွ လူတို့ ကြံစည်တွေးတော ပြောဆိုကြသောဓလေ့ကို ပကတိနှင့်တူအောင် ဖွဲ့နွဲ့ရေးသားထား ခြင်းဖြစ်သည်။" (ထင်၊ ၁၉၈၁၊ ၂၀၄)

ဟူ၍လည်းကောင်း၊ ရသစာပေအဖွင့်နှင့် နိဒါန်းတွင် ဆရာဇော်ဂျီက

"ဒိဋ္ဌလောကပတ်ဝန်းကျင်ရှိ အဖြစ်အပျက်နှင့် လူ့ကိစ္စအမူအရာတို့ကို ပေါင်းစပ် သိမ်းကျုံး၍ ဖွဲ့ဆိုသော အဖွဲ့ဖြစ်သည်။" (ဇော်ဂျီ၊ ၁၉၇၆၊ ၂၀၆)

ဟူ၍လည်းကောင်း၊ မင်းယုဝေက

"လူ့သဘာဝအဖွဲ့ကို လူ့သဘောလူ့စရိုက်အဖွဲ့ဟူ၍ တွေ့ရှိရပြီး၊ ယင်းအဖွဲ့သည် ဝတ္ထုရှည်တွင်ဖြစ်စေ၊ ဝတ္ထုတိုတွင်ဖြစ်စေ အရေး ကြီးဆုံးဖြစ်သည်။" (မင်းယုဝေ၊ ၁၉၇၉၊ ၁၇၄)

ဟူ၍လည်းကောင်း၊ ဦးပုည၏ ဝတ္ထုလေးပုဒ်အမှာစာတွင်

"ယုတ္တိတန်အောင် ဖွဲ့နိုင်မှလည်း လူ့သဘာဝအဖွဲ့သည် ပြောင်မြောက်နိုင်လေသည်" (ဝန်၊ ၁၉၆၅၊ အမှာစာ)

ဖော်ပြထားပါသည်။

ဂျေအေကဒ်ဒွန် (J.A.Cuddon) က လူ့သဘာဝနှင့် ပတ်သက်၍
"စာပေတွင် သဘာဝဝါဒသည် လက်တွေ့ဆန်မှုမှ ဖြစ်ပေါ်လာသည်"

(Cuddon. J.A, 1999, 537)

ဟူ၍ ဖော်ပြထားပါသည်။

ပညာရှင်တို့၏ ဖွင့်ဆိုချက်များအရ ဝတ္ထုများတွင် ဒိဋ္ဌလောကရှိ လူမှုပတ်ဝန်းကျင်၌ ဖြစ်ပျက်တတ်သောသဘောတို့ကို အရှိအတိုင်း တွေ့မြင်ရေးသားထားခြင်းသည် လူ့သဘာဝအဖွဲ့များပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ၃။ နည်းနာ

ခင်ခင်ထူး၏ ဝတ္ထုတိုများနှင့် လူ့သဘာဝအဖွဲ့ကို လေ့လာရာတွင် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသန ဆိုင်ရာနည်းနာများနှင့် လေ့လာမည်ဖြစ်ပါသည်။ ပညာရပ်ဆိုင်ရာနည်းနာအနေဖြင့် လေ့လာရာတွင် စာပေလေ့လာမှု နယ်ပယ်ဖြစ်၍ ဝတ္ထုဖန်တီးရေးဖွဲ့မှုဆိုင်ရာ နယ်ပယ်ကို အလေးပေး သုတေသနပြုမည်ဖြစ်သည်။ သုတေသနဆိုင်ရာနည်းနာအနေဖြင့် လေ့လာရာတွင် ပေါ်ထွက်လာသော သုတေသနပြဿနာကို အဖြေရှာရာတွင် ပညာရပ်ဆိုင်ရာ အဆိုအမိန့်များအပေါ် အခြေခံလျက် သရုပ်ဖော်ဆန်းစစ်နည်းနှင့် ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်နည်းတို့ကို အသုံးပြုမည်ဖြစ်ပါသည်။ ဝတ္ထုတို၊ လူ့သဘာဝအဖွဲ့တို့နှင့် ပတ်သက်သော ပညာရှင်တို့၏ အဆိုအမိန့်များကို ကိုးကားကာ အလေ့လာခံ ဝတ္ထုမှရရှိသော အချက်အလက်များကို ကုန်ကြမ်းအဖြစ် ကောက်ယူပြီး ချိန်ထိုးလေ့လာ သုတေသနပြုမည်ဖြစ်ပါသည်။

## ၄။ လေ့လာတွေ့ရှိချက်

ခင်ခင်ထူး၏ ဝတ္ထုတိုများမှ လူ့သဘာဝအဖွဲ့များနှင့် ပတ်သက်၍ လေ့လာတွေ့ရှိချက်များကို တင်ပြ သွားမည် ဖြစ်ပါသည်။

## ၄၊ ၁။ ခင်ခင်ထူး၏ဝတ္ထုတိုများမှ ဝတ္ထုတို(၃)ပုဒ်၏ ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်

ခင်ခင်ထူး၏ဝတ္ထုတိုများမှ ဝတ္ထုတို (၃)ပုဒ်ကို လေ့လာတင်ပြရာတွင် "ခရီးဖော်၊ ပုံဆိုးမ၊ ပိုးဖလံ" ဝတ္ထုတိုများမှ ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်တို့ကို လေ့လာတင်ပြထားပါသည်။

### ခရီးဖော်၏ ဇာတ်လမ်းအကျဉ်း

ဦးဘကျောက်နှင့် မအိမ်မြိုင်တို့တွင် သားသမီးနှစ်ယောက်ရှိသည်။ သားသမီးနှစ်ဦးစလုံး အိမ်ထောင်ကျသွားသည့်အတွက် လယ်ကွက်တစ်ကွက်စီ အမွေပေးထားသည်။ သီးနှံအထွက်နည်းသဖြင့် လယ်ကွက်များကိုရောင်းချကာ မောင်နှမနှစ်ဦး မြို့တက်သွားကြသည်။ မြို့တွင်အဆင်မပြေတိုင်း မိဘထံ လက်ဖြန့်တောင်းခဲ့ကြသည်။ မအိမ်မြိုင်သည် သားနှင့်သမီးတို့ကိုခွဲနေရ၍ တွေ့မြင်ချင်နေသည်။

တဖြည်းဖြည်းနှင့် ကျန်းမာရေးချို့ယွင်းလာပြီး ရောဂါအခြေအနေဆိုးဝါးလာသည်။ မအိမ်မြိုင်၏ ခံစားနေရသောဝေဒနာကို မကြည့်ရက်သဖြင့် ဦးဘကျောက်သည် တဲ၏အပြင်သို့ ထွက်ထိုင်နေမိသည်။ ထိုအချိန်မှာပင် မအိမ်မြိုင် ဆုံးပါးသွားခဲ့သည်။

ရွာနာရေးအသင်းက အကူငွေထည့်ဝင်ခြင်း၊ သားနှင့်သမီးတို့က အော်ဟစ်ငိုနေခြင်း၊ မိခင်အတွက် ကုသိုလ်ငွေထည့်ခြင်းတို့နှင့် ကြုံတွေ့ရသော ဦးဘကျောက်သည် ဒေါသထွက်လာသည်။ မအိမ်မြိုင်၏ရောဂါ ကုမပေးလိုက်ရ၍ ဝမ်းနည်းမိသည်။

ဦးဘကျောက်သည် အရက်သောက်ကာ မူးနေသဖြင့် သားသမီးနှစ်ဦးက ပြုစုဂရုစိုက်ကြသည်။ စီးပွားရေး အဆင်မပြေ၍ မိဘအိမ်သို့ ရောက်မလာနိုင်သော သားနှင့်သမီးအပေါ် စိတ်ပြေစပြုလာသည်။ ရက်လည်ပြီး နောက်တစ်ရက်တွင် သားသမီးနှစ်ဦးက အဆင်ပြေလျှင် ဖခင်ကိုလာခေါ်မည့်အကြောင်း ပြောကာပြန်သွားကြသည်။ အိမ်တွင်တစ်ဦးတည်းကျန်ရစ်ခဲ့သော ဦးဘကျောက်သည် မအိမ်မြိုင်အား သတိရနေသဖြင့် စိတ်တည်ငြိမ်အောင် ကြိုးစားနေမိသည်။

## ဦးတည်ချက်

"ခရီးဖော်" ဝတ္ထုတို၏ ဦးတည်ချက်သည် ဘဝလက်တွဲဖော်၏ စိတ်ဒုက္ခရောက်အောင် ပြုလုပ်တတ်ကြသော သားသမီးတို့ကို ကရုဏာဒေါသ ဖြစ်မိသော်လည်း မပျက်ပြယ်တတ်သည့် မိဘတို့၏ မေတ္တာတရားနှင့် ဘဝအဖော်ကွယ်လွန်သွားပါက အထီးကျန်ဖြစ်တတ်သော ပုထုဇဉ်တို့၏ သဘာဝကို တင်ပြလိုခြင်း ဖြစ်သည်။

## ပုံဆိုးမ၏ ဇာတ်လမ်းအကျဉ်း

ခွေးမလေးတစ်ကောင်အား ဇာတ်ဆောင်အဖြစ်ထားကာ ဝမ်းရေးအတွက် ရှာဖွေစားသောက်ရသည်ကို ဖော်ပြထားသည်။ ခွေးမလေးသည် မိသားစုနှင့် ကွဲကွာလာပြီး အဆာလွန်နေသည့်အတွက် တိုက်ကြီးတစ်တိုက်၏ နောက်ဖေးသို့ ပြေးဝင်သွားခဲ့သည်။ ခွေးကြီးတစ်ကောင်၏ ဟိန်းဟောက်မှုကြောင့် ထွက်ပြေးခဲ့ရသည်။ စားသောက်ဆိုင်နောက်ဖေးရှိ စားကြွင်းစားကျန်များကိုတွေ့၍ စားရန်ဟန်ပြင်နေစဉ် တုတ်နှင့်အရိုက်ခံရသည်။ အိမ်တစ်အိမ်အတွင်းရှိ အိုးထဲရှိဟင်းကို နူတ်သီးနှင့်ထိုးကာစားနေစဉ် တုတ်၊ အုတ်ခဲကျိုးတို့ဖြင့် ထုရိုက်ကြ၍ ဒဏ်ရာရခဲ့သည်။ လမ်းတွင်ခွေးတစ်အုပ်နှင့် တွေ့၍ သေလုမျောပါးပြေးခဲ့ရပြန်သည်။ တာရိုးအောက်ရှိ တဲကလေးတစ်လုံး၏ ခုတင်အောက်သို့ဝင်အိပ်ရသည်။ နိုးလာသောအခါ ဆင်းရဲသားမိသားစု၏ ကျွေးမွေးမှုကြောင့် အစာကိုဝလင်အောင် စားခွင့်ရခဲ့သည်။ ပုံဆိုးမဟူသော အမည်ရရှိခဲ့သည်။ ပြောင်းရွှေ့သွားသည့် မိသားစု၏နောက်သို့ လိုက်ခွင့်မရဘဲ နေရစ်ခဲ့ရသည်။

## ဦးတည်ချက်

"ပုံဆိုးမ" ဝတ္ထုတို၏ ဦးတည်ချက်သည် ခွေးမလေးတစ်ကောင် အစာရှာနေစဉ် ဆင်းရဲဒုက္ခများနှင့်တွေ့ကြုံရပုံ၊ အိမ်ခြေအတည်တကျမရှိသော ဆင်းရဲသားမိသားစုနှင့်အတူ နေထိုင်ခွင့်ရရှိပုံ၊ ပြောင်းရွှေ့

သွားသော မိသားစု၏နောက်သို့ လိုက်ပါခွင့်မရဘဲ နေရစ်ခဲ့ရပုံတို့ကိုဖော်ပြရင်း လောကရှိ လူအမျိုးမျိုးတို့၏ မတူညီသော သဘောသဘာဝများကို တင်ပြထားခြင်းဖြစ်သည်။

**ပိုးဖလံ၏ ဇာတ်လမ်းအကျဉ်း**

ဦးစံကွန့်သည် အသက် (၆၈)နှစ်ရှိပြီဖြစ်သော်လည်း အားကိုးစရာသားသမီး (၅)ဦးရှိသည်။ ဥစ္စာပစ္စည်းလည်းရှိသည်။ ဦးစံကွန့်၏တိုက်ရှေ့တွင် သားသမီးများသည့် ကိုလှသောင်းတို့ မိသားစုအား အကြော်ရောင်းရန် ခွင့်ပြုထားသည်။ ဦးစံကွန့်သည် မနက်လမ်းလျှောက်ပြီးသည်နှင့် ကိုလှသောင်း၏ သမီးကြီး ခင်အေးချစ် လာပို့သောအကြော်နှင့် ကော်ဖီသောက်သည်။ အချိန်ကြာလာသည်နှင့်အမျှ ခင်အေးချစ်တို့မိသားစုနှင့် ရင်းနှီးခင်မင်လာသည်။

ကိုလှသောင်းနှင့် မဒေါ်တို့က ဆင်းရဲသားဘဝမှ လွတ်မြောက်လို၍ ဦးစံကွန့်နှင့် ခင်အေးချစ်တို့ကို နီးစပ် စေချင်သည်။ ဦးစံကွန့်သည် သနားစိတ်၊ ချစ်ခင်စိတ်တို့ဖြစ်ကာ ခင်အေးချစ်နှင့်လက်ထပ်ရန် ဆုံးဖြတ်ခဲ့သည်။ ဦးစံကွန့်၏ သားသမီးများက လက်မခံကြချေ။ ဖခင်အားတားမြစ်၍မရသဖြင့် ဘဏ်ထဲမှ ငွေ ၁၀ သိန်း ထုတ်စေ သည်။ စိတ်ကုန်သည့်အချိန် အိမ်သို့ပြန်လာရန် ငိုယိုပြောကြသည်။

ဦးစံကွန့်သည် မန္တလေးမြို့ ကမ်းနားရပ်ကွက်တွင် အိမ်တစ်လုံးဝယ်သည်။ လှက်ရည်ဆိုင် ထောင်ပေးသည်။ ပတ်ဝန်းကျင်တွင် ဦးစံကွန့်သည် ခင်အေးချစ်၏ ဦးလေးဖြစ်သည်ဟုသာ အသိပေးထားသည်။ ခင်အေးချစ်၏အလှကြောင့် လှက်ရည်ဆိုင် ရောင်းအားကောင်းလာသည်။ ထိုအချိန်တွင် ကောင်တာအံဆွဲအတွင်းက ခင်အေးချစ်၏ ရည်းစားစာကို တွေ့ရသဖြင့် ဦးစံကွန့် ဒေါသထွက်သွားသည်။ နှစ်ဦးသား စကားများကြသည်။ ဦးစံကွန့်နှင့် ခင်အေးချစ်တို့ လင်မယားဖြစ်သည်ကို ပတ်ဝန်းကျင်က သိသွားကြသည်။

ရန်ဖြစ်ပြီးနောက်ပိုင်းတွင် မိသားစုအားလုံးက ဦးစံကွန့်အပေါ် ရိုသေလေးစားမှုမရှိတော့ပေ။ ကိုယ်တိုင် ထမင်းခူးစားရသည်။ ဆိုင်ပိတ်သည့်တစ်နေ့တွင် ခင်အေးချစ်က နောက်အိမ်ထောင်ပြုမည်ဟု ပြောကာ အိမ်ပေါ်မှဆင်းသွားသည်။ ဦးစံကွန့်သည် စိတ်ဆင်းရဲ၍ မစားနိုင်၊ မအိပ်နိုင်ဖြစ်ကာ ကျန်းမာရေးထိခိုက်လာသည်။ ဦးစံကွန့်၏ သားသမီးတို့ရောက်လာပြီး ဆေးကုပေးသည်။ ဦးစံကွန့်က ခင်အေးချစ်၏ လက်ဝတ်လက်စားများကို ပြန်ပေးကာ သားသမီးများနှင့်အတူ အိမ်သို့ပြန်လိုက်လာခဲ့သည်။ ဦးစံကွန့်သည် လမ်းလျှောက်ထွက်ချင်သော်လည်း သားသမီးတို့က စိတ်မချဖြစ်နေကြောင်းဖြင့် အဆုံးသတ်ထားသည်။

**ဦးတည်ချက်**

"ပိုးဖလံ" ဝတ္ထုတို၏ ဦးတည်ချက်သည် လူ့ဘဝတွင်အေးချမ်းစွာ နေရပါလျက် အပူရှာချင်သည့် သဘော၊ တဒင်္ဂစိတ်အေးချမ်းမှုရရှိသော်လည်း ရေရှည်တွင် ဆင်းရဲဒုက္ခများနှင့်သာ တွေ့ကြုံရသည့် သဘောသဘာဝတို့ကို ထွန်းပြလိုခြင်းဖြစ်သည်။

## ၄၊ ၂။ ခင်ခင်ထူး၏ ဝတ္ထုတိုများမှ လူ့သဘာဝအဖွဲ့

အလေ့လာခံအဖြစ် ရွေးချယ်ထားသော ခင်ခင်ထူး၏ဝတ္ထုတိုများမှ ဝတ္ထုတို(၃)ပုဒ်၏ လူ့သဘာဝအဖွဲ့ကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

## ၄၊ ၂၊ ၁။ ဇာတ်ဆောင်၏ ကိုယ်တိုင်ပြောဟန်ဖြင့် ပေါ်လွင်စေသော လူ့သဘာဝအဖွဲ့

ခင်ခင်ထူး၏ ဝတ္ထုတိုများတွင် လူတို့၏ကံသုံးပါးအမူအရာကို ပေါ်လွင်စေသည့် လူ့သဘာဝအဖွဲ့များသည် ဇာတ်ဆောင်တို့၏ ခံစားမှုနှင့်အတွေးကို သိရှိစေပါသည်။

"ခရီးဖော်" ဝတ္ထုတွင် မအိမ်မြိုင်ကွယ်လွန်သွားသည့်အတွက် နာရေးထောက်ပံ့ငွေသည် ဦးဘကျော်၏ လက်ထဲသို့ရောက်ရှိလာသည်။ လက်ထဲကငွေစက္ကူများကို ဆုပ်ကိုင်ရင်း မအိမ်မြိုင်ရှိရာသို့စောင်းငဲ့ကြည့်ရင်း ရောဂါကိုဆေးကုမပေးနိုင်သည့်အတွက် စိတ်မကောင်းဖြစ်မိသည်။ နှစ်ပေါင်းများစွာ မသောက်ဘဲနေခဲ့သည့်အရက်ကို ကိုငွေသီး၏ အရက်ဆိုင်တွင်သောက်ရင်း မူးလျက်ရှိသည်ကို

"ဟေ့ ဖိုးထောင်၊ မင်းတို့က ငါအရက်ဖိုးမတတ်နိုင်ဘူး ထင်လို့လား၊ မနေ့တုန်းက ငမွဲဘကျော် မဟုတ်တော့ဘူးကွ"

"မတွဲနဲ့၊ ငါ့ကို ဘယ်သူမှမကိုင်နဲ့၊ ငါပြန်နိုင်တယ်၊ သွားကြ"

(ခင်ခင်ထူး၊ ၂၀၁၀၊ ၃၆)

ဟူ၍ ဇာတ်ဆောင်ကိုယ်တိုင်ပြောစကားဖြင့် ဖော်ပြထားသည်။ ဘဝတစ်သက်တာအတွက် ရွေးချယ်ထားသူ ဘက်ပဲ့သွားလျှင် ခံစားရသော၊ ဖြစ်လေ့ဖြစ်ထရှိသော လူ့သဘာဝကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ ဘဝလက်တွဲဖော်ဇနီး မရှိတော့သည့်အတွက် ဝမ်းနည်းကြေကွဲမှု၊ စိတ်မကောင်းဖြစ်မှု၊ ယူကြုံးမရဖြစ်မှုများကို ပြေလျော့စေရန် အရက်သောက်ခြင်းဖြင့် ဖြေရှင်းတတ်ကြသော ယောကျ်ားတို့၏ သဘာဝကို ပေါ်လွင်စေပါသည်။

အသုဘရက်လည်ပြီးနောက် သားသမီးနှစ်ဦး ပြန်သွားကြသောအခါတဲထဲတွင် ဦးဘကျော်တစ်ဦးတည်း ကျန်ရစ်ခဲ့သည်။ ဦးဘကျော် ကြည့်သမျှ၊ မြင်သမျှ၊ တွေ့သမျှအရာအားလုံးသည် မအိမ်မြိုင်၏ ပုံရိပ်ယောင်များ ဖြစ်နေသည့်အတွက်

"သြော် . . . မအိမ်မြိုင်ရယ် မင်းအရင်သေသွားတာ ကံကောင်း လိုက်တာ"

(ခင်ခင်ထူး၊ ၂၀၁၀၊ ၄၁)

ဟူသော ဇာတ်ဆောင်၏ ကိုယ်တိုင်ပြောစကားဖြင့် ဖော်ပြထားသည်။ လောကတွင် အသက်ရှင်ကျန်ရစ်သူသည် ကောင်းမှုကုသိုလ်ပြုခွင့်၊ သီလဆောက်တည်ခွင့်၊ တရားဘာဝနာ အားထုတ်ခွင့်ဟူသော အခွင့်အရေးများ ရရှိနေသော်လည်း တဒင်္ဂအချိန်အတွင်း၌ မိမိ၏စိတ်နှလုံးကို တည်ငြိမ်မှုရှိအောင် ကြိုးစားနေကြရသည်။ သေဆုံးသွားသူ၌ အေးချမ်းမှုရရှိသည်ဟုသာ အထင်ရောက်ကာ ပြောဆိုတတ်ကြသည့် လူ့သဘာဝကို တွေ့မြင်နိုင်ပါသည်။

"ပုံဆိုးမ" ဝတ္ထုတွင် ခွေးမလေးသည် စားသောက်ဆိုင်၏ ခြင်းတောင်းထဲမှ စားကြွင်းစားကျန်များ၊ အိမ်တစ်အိမ်၏ မီးဖိုချောင်ရှိ အိုးထဲကဟင်းများကို ခိုးစားမိသည့်အတွက် အရိုက်အနှက်ခံရကာ ဒဏ်ရာရရှိခဲ့ သည်ကို

"ဆိုင်က အလုပ်သမားလေးက တုတ်နှင့်လိုက်ဆော်လို့ ဖဝါးနှင့်တင်ပါး တစ်သားတည်း ကျအောင် ပြေးခဲ့ရတယ်။"

"တုတ်၊ အုတ်ခဲကျိုးခဲတွေဟာ မိုးသီးမိုးပေါက်တွေလို ကျွန်မကိုယ်ပေါ်ကို ကျလာတယ်။ ဘယ်လိုမှရှောင်မလွတ်ဘူး။ ကျွန်မရဲ့နဖူးတည့်တည့်ကို အုတ်ခဲကျိုးဝင်မှန်တော့ သွေးတွေ ဖြာစီးကျလာတယ်"

"ကျွန်မကို တဂီးဂီး တဂဲဂဲမာန်ဖီပြီး ကျွန်မနောက်ကို ခွေးတွေအုံလိုက် လာတယ်"

(ခင်ခင်ထူး၊ ၂၀၁၀၊၄၆-၄၇)

ဟူ၍ဖော်ပြထားသည်။ ဇာတ်ဆောင်ခွေးမလေးကို ပုံခိုင်း၍ တစ်ပါးသူမပေးသော ပစ္စည်းကိုခိုးယူမိပါက တန်ပြန် ခံစားရသော၊ အားနည်းသူကို အားကြီးသူတို့က ဝိုင်းဝန်းအနိုင်ကျင့်ကြသော၊ ညှာတာမှုကင်းမဲ့သော၊ ကိုယ်ချင်းစာတရား ခေါင်းပါးသောသဘောသဘာဝများကို တွေ့မြင်ရပါသည်။ မိမိအရေးကိစ္စကိုသာ ဦးစားပေးတတ်ကြသော လူ့သဘာဝကို ဖော်ထုတ်ပြသည်မှာ ပေါ်လွင်လှပါသည်။

"ပိုးဖလံ" ဝတ္ထုတွင်ကောင်တာအံဆွဲထဲမှ ခင်အေးချစ်၏ ရည်းစားစာကိုတွေ့ရပြီးနောက် ဦးစံကွန့်နှင့် ခင်အေးချစ်တို့နှစ်ဦး အဆင်မပြေဖြစ်ခဲ့ရသည်။ လ္ဘက်ရည်ဆိုင်ပိတ်သည့် တစ်နေ့တွင် ခင်အေးချစ်က မိမိ နောက်အိမ်ထောင်ပြုမည့်အကြောင်းကို

"ဘကြီးကို ကျွန်မ တစ်ခုခွင့်တောင်းချင်လို့"

"ကျွန်မ ယောက်ျားယူတော့မလို့"

"အဲဒါ ဘကြီး ကျွန်မကိုခွင့်ပြုပါ။ ကျွန်မလေ ကျွန်မ ဘကြီးနဲ့ မပေါင်းချင်တော့ဘူး"

(ခင်ခင်ထူး၊ ၂၀၁၀၊ ၈၅)

"ဘကြီး မကျေနပ်လို့ တိုင်ပယ် တောပယ် လုပ်လည်း အရှက်ကွဲကြတာပဲ အဖတ်တင်မယ်။ ကျွန်မကတော့ နောက်မဆုတ်တော့ဘူး။ အဖေတို့ကိုလည်း ပြောပြီးပြီ"

(ခင်ခင်ထူး၊ ၂၀၁၀၊ ၈၆)

ဟူ၍ဇာတ်ဆောင်ကိုယ်တိုင် ပြောစကားဖြင့် ဖော်ပြထားသည်။ ထိုပြောစကားအရ မိသားစုကောင်းစားရေးအတွက် မိမိ၏ဘဝကိုအနစ်မွန်းခံကာ အသက်အရွယ်ကြီးသူနှင့် လက်ထပ်ခဲ့ရသော်လည်း ငယ်ရွယ်နုပျိုသော အရွယ်ဖြစ်၍ သက်တူရွယ်တူနှင့်သာ သွားလာနေထိုင်လိုသော မိန်းကလေးတို့၏ သဘာဝကို တွေ့မြင်ရသည်။ မိမိ၏စိတ်ခံစားချက်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သော၊ နှလုံးသားနှင့် ဦးနှောက် ယှဉ်ပြိုင်ဆုံးဖြတ်ရာတွင် နှလုံးသားအရေးကိုသာ ဦးစားပေးတတ်သော ငယ်ရွယ်သူတို့၏ သဘာဝကို ပေါ်လွင်အောင် သရုပ်ဖော်ထားသည်ကို တွေ့ရသည်။

## ၄၊ ၂၊ ၂။ ဇာတ်ဆောင်အချင်းချင်း ပြောဟန်ဖြင့် ပေါ်လွင်စေသော လူ့သဘာဝအဖွဲ့

ခင်ခင်ထူးသည် ဇာတ်ဆောင်တို့၏ အဖြစ်အပျက်များကို လူ့လောကသဘာဝများနှင့် ကိုက်ညီစေရန် ဇာတ်ဆောင်အချင်းချင်းပြောဟန်ဖြင့် ရေးသားထားသည်ကို တွေ့ရသည်။

"ခရီးဖော်" ဝတ္ထုတွင် မိခင်၏နာရေးသို့ ရောက်လာကြသော ဦးဘကျော်၏ သား မောင်ပေါ်နှင့် သမီး မိသင်းတို့၏ စားဝတ်နေရေး အဆင်ပြေမှု မရှိသည်ကို

"မိသင်း . . . နင်တို့ သိပ်အဆင်မပြေဘူးဆို ငါကြားပါတယ်။ အခုနင့်ယောက်ျား ဘာလုပ်နေလဲ"

"ဒီလိုပါပဲ အစ်ကိုရယ်၊ သစ်စက်ထဲ အလုပ်ဆင်းလိုက်၊ ကုန်ထမ်းလိုက်နဲ့ ရရစားစားပါပဲ"

"ငါတို့လည်း သိပ်မချောင်လည်ပါဘူးဟာ၊ အခုငါ့သမီးအကြီးဆို ဘူတာထဲ ဈေးရောင်းလွှတ်ထားရတယ်" (ခင်ခင်ထူး၊ ၂၀၁၀၊ ၃၈)

ဟူ၍ ဇာတ်ဆောင်အချင်းချင်း ပြောစကားမှ သိခွင့်ရစေသည်။ အိမ်ထောင်ပြုရာတွင် စီးပွားရေး အဆင်မပြေကြသဖြင့် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ရှာဖွေ စားသောက်နေရသော မိဘနှစ်ပါးကို ပြန်လည်ကျွေးမွေး စောင့်ရှောက် နိုင်စွမ်းမရှိသော ပုထုဇဉ်လူသားတို့၏ သဘာဝအဖြစ် တွေ့မြင်ရပါသည်။

"ပုံဆိုးမ" ဝတ္ထုတွင် ခွေးမလေးသည်ဗိုက်ဆာနေသည့်အတွက် ခိုးယူစားမိ၍ အရိုက်ခံရသည်။ ဒဏ်ရာရ၍ ထွက်ပြေးလာရသည်။ ခွေးတစ်အုပ်၏ ဝိုင်းကိုက်ခြင်းကိုခံရသည်။ တဲလေးတစ်လုံး၏ ခုတင်အောက်တွင် ခိုးဝင်အိပ်မိရာမှ သခင်အသစ်ရလာခဲ့သည်ကို

"ဟာ . . . ခွေးလေးမှာ သွေးတွေနဲ့"

"သနားပါတယ်ကွာ၊ ဘယ်သူက ရိုက်လွှတ်လိုက်တယ် မသိဘူး"

(ခင်ခင်ထူး၊ ၂၀၁၀၊ ၅၀)

"ခွေးလေးကိုကွာ ဘာလို့ ဒီလောက်ထုလွှတ်လိုက်ကြတာပါလိမ့်၊ လူမဆန်တဲ့ ဟာတွေ"

"အဖေ ဒီခွေးလေးကို ကျွန်တော်တို့ မွေးရအောင်နော်"

(ခင်ခင်ထူး၊ ၂၀၁၀၊ ၅၁)

ဟူသော ဇာတ်ဆောင်အချင်းချင်း အပြန်အလှန်ပြောစကားများဖြင့် ဖော်ပြထားသည်။ ကိုယ်တိုင်က ဆင်းရဲသော်လည်း တိရစ္ဆာန်အပေါ် ကြင်နာသနားတတ်သော၊ ဒုက္ခရောက်နေသည်ကို မကြည့်ရက်သော၊ ကုသိုလ်ပြုမှု၌ ဝါသနာထုံသော မြန်မာတို့၏ သဘောသဘာဝကို နှစ်သက်ဖွယ် တွေ့မြင်ရ သည်။

"ပိုးဖလံ" ဝတ္ထုတွင် ကိုလှသောင်းနှင့် မဒေါ်တို့သည် ဆင်းရဲသားဘဝမှ လွတ်မြောက်လိုသော စိတ်ဆန္ဒဖြင့် သမီးကြီး ခင်အေးချစ်အား ဦးစံကွန့်နှင့် နီးစပ်လာအောင် ပြောဆိုနေသည်ကို

"ဦးလေးစံကွန့်ရယ် ကျွန်တော်တို့မလည်း ဆင်းရဲတာကတစ်ဖက်၊ ခင်အေးချစ်ကို စိတ်ပူရတာက တစ်ဖက်နဲ့ စိတ်ရှုပ်ပါတယ်ဗျာ။"

"ကိုလှသောင်းရယ် . . . ကျုပ်တော့ တော့်သမီးကို ခုလိုစိတ်ပူနေရမယ့်အစား အိမ်ထောင်သာ ချပေးလိုက်ချင်တော့တယ်။ ခုနေငွေကြေးလေး အတန်သင့် ရှိတဲ့သူနဲ့ ဆိုရင် ဘယ်မုဆိုးဖို၊ ဘယ် နှစ်ခုလပ်ဖြစ်ဖြစ် ကျုပ်ပေးစားလိုက်မှာ"

(ခင်ခင်ထူး၊ ၂၀၁၀၊ ၇၇-၇၈)

ဟူသော ဇာတ်ဆောင်တို့၏ ပြောစကားဖြင့် ဖော်ပြထားသည်။ ခင်အေးချစ်အပေါ် ဦးစံကွန့် စိတ်ဝင်စားလာအောင်၊ စိတ်လှုပ်ရှားလာအောင် ရေလာမြောင်းပေး ပြောဆိုပြုလုပ်ပေးတတ်သော လူ့သဘာဝကို ပေါ်လွင်စေသည်။ ဦးစံကွန့်အနေနှင့် ခင်အေးချစ်အား ဂရုစိုက်တွယ်တာလာသည်နှင့်အမျှ အနေနီးစပ်မှုကို ထောက်ပံ့ပေးနိုင်သည့် လူ့သဘာဝအဖွဲ့ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ၄၊ ၂၊ ၃။ ဝတ္ထုရေးသူ၏ တိုက်ရိုက်ပြောဟန်ဖြင့် ပေါ်လွင်စေသော လူ့သဘာဝအဖွဲ့

ခင်ခင်ထူးသည် ဇာတ်ဆောင်တို့၏စရိုက်ကို ဒိဋ္ဌဓမ္မလူ့လောကရှိ လူ့သဘာဝနှင့် ကိုက်ညီအောင် ဝတ္ထု ရေးသူကိုယ်တိုင် တိုက်ရိုက်ပြောစကားဖြင့် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

"ခရီးဖော်" ဝတ္ထုတွင် ဦးဘကျောက်၏ သားသမီးတို့သည် မိခင်ဆုံးပါးပြီးမှ ရောက်လာသည့်အတွက် အော်ဟစ်ငိုကြွေးနေကြသည်။ ထိုမြင်ကွင်းကိုတွေ့ရသော ဦးဘကျောက်၏ခံစားချက်နှင့် အတွေးတို့ကို ဝတ္ထု ရေးသူ၏ ပြောစကားဖြင့်

"သူတို့ရင်အစုံကို ကန်ထွက်သွားသော ငပေါ်နဲ့မိသင်း။ ခုတော့ မအိမ်မြိုင်အလောင်းဘေးမှာငိုနေကြပြီ။ အော်ဟစ်ငိုနေသော မိသင်းအသံကို နားကြားပြင်းကတ်လာသည်။ ယောကျ်ားတန်မဲ့ တွတ်တီးတွတ်တာ စကားဆိုနေသော ငပေါ်ဟန်ကိုရွံလာသည်။ လက်ထဲမှပြောင်းဖူးဖက်လိပ်ကြီးကို တဲတိုင်နှင့်ထိုးချေမွပစ်လိုက်သည်။ ရင်ထဲမှာ ဒေါသခိုးတို့ ဆူဝေလာသည်။" (ခင်ခင်ထူး၊ ၂၀၁၀၊ ၃၃)

ဟူ၍ ဖော်ပြထားသည်။ မိဘအမွေကို ကုန်ခန်းသွားအောင် ပြုလုပ်ခဲ့သော သားသမီးတို့အား စိတ်ဆိုးနေချိန်တွင် အပြစ်မြင်တတ်သော မိဘတို့၏သဘောကို ထင်ရှားပေါ်လွင်စေသည်။ မိဘနှင့်သားသမီးတို့အကြား ဖြစ်လေ့ဖြစ်ထရှိသော လူ့သဘာဝကို ပေါ်လွင်အောင် သရုပ်ဖော်ထားခြင်း ဖြစ်သည်။

မအိမ်မြိုင်သည် ရောဂါဝေဒနာဖိစီးမှုဒဏ်ကြောင့် မောပန်းနေသည်ကို မြင်တွေ့ရသည့်အခါ ဖြစ်ပေါ်လာ ရသော ဦးဘကျောက်၏ အတွေးခံစားချက်ကို

"တစ်ရွာတည်းနေ တစ်ရေတည်းသောက်လာခဲ့သော ငယ်ပေါင်းကြီးဖော် မအိမ်မြိုင်၊ လင်ယောကျ်ားနှင့်အတူ ပဲရိတ်၊ ကိုင်းထွန် ရင်ပေါင်တန်းနိုင်ခဲ့သော မအိမ်မြိုင်၊ သူ့အတွက်အသက် ၆၀ ကျော်အထိ စိတ်ဆင်းရဲအောင် မလုပ်ခဲ့ ရှာသော ရှားမှရှားသည့် မယားကောင်း မအိမ်မြိုင်၊ အခု သူနှင့်သူ့ဘဝကို ခွဲခွာတော့မည်လေ"

(ခင်ခင်ထူး၊ ၂၀၁၀၊ ၃၀)

ဟူသော ဝတ္ထုရေးသူ၏ ပြောစကားဖြင့် အနုစိတ်ဖော်ပြထားသည်။ မအိမ်မြိုင်သည် အပျိုဘဝတွင် နောက်တွဲဆံထုံးထုံးကာ သပ်သပ်ရပ်ရပ်နေတတ်သူ၊ အိမ်ထောင်သည်ဘဝတွင် ခင်ပွန်းအပေါ် သစ္စာရှိသူ၊ စိတ်သဘောထား ပြည့်ဝသူ၊ အလုပ်ကိုခိုကပ်ခြင်းမရှိဘဲ ခင်ပွန်းနှင့်အတူ လက်တွဲလုပ်ဆောင်နိုင်သူ ဖြစ်ကြောင်းပေါ်လွင်စေပါသည်။ မအိမ်မြိုင်၏နေထိုင်ပြုမူပုံတို့ကို ကျေးလက်နေ အိမ်ထောင်ရှင် မြန်မာ အမျိုးသမီးတစ်ဦး၏ စရိုက်သဘာဝနှင့် လိုက်လျောညီထွေဖြစ်အောင် ရေးသားသရုပ်ဖော် နိုင်စွမ်းရှိသည် ဟု ဆိုရပါမည်။

"ပုံဆိုးမ" ဝတ္ထုတွင် ခွေးမလေးအား ပုံဆိုးမဟု အမည်ပေးကာ မွေးထားသည့် တဲရှင်တို့သည် အခြေဖျက်ကာ ပြောင်းရွှေ့ရန် ပြင်ဆင်နေကြသည်။ ထိုမြင်ကွင်းကို ပုံဆိုးမ၏ နေရာမှနေ၍ ဝတ္ထုရေးသူ ၏ တိုက်ရိုက်တင်ပြဟန်ဖြင့်

"သခင်တို့မိသားစု အိမ်ပြောင်းကြတော့မယ်။ သခင်တို့တစ်တွေ အိမ်လေးကို ဖျက်နေကြ ပြီ""သူလုပ်စရာရှိတဲ့အလုပ်တွေကိုပဲ ကုန်းကျုံးလုပ်နေတယ်"

"သခင်တို့အိမ်ကို သယ်ဆောင်သွားမယ့် ကားကြီးလာနေပြီ"

"သခင်ဟာ ရင်အုံကြီး မောက်ကြွသွားပြီး သက်ပြင်းကို ချလိုက် တယ်"

"အောင်နက်၊ တိုးပွား၊ ဝိုင်းလုံး . . . သူတို့အားလုံး ကျန်ရစ်ခဲ့ကြတာ ပါလား"

(ခင်ခင်ထူး၊ ၂၀၁၀၊ ၅၄-၅၅)

ဟူ၍ဖော်ပြထားသည်။ တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့ရသည်ဖြစ်၍ စိတ်ရောလူပါ ပင်ပန်း နွမ်းနယ်နေကြရသည်။ နေရာသစ်တွင် အဆင်ပြေမှုရှိမရှိ မသိကြသဖြင့် မွေးထားသည့်ခွေးများအား ထားရစ်ခဲ့ရသည်။ မွေးထားသည့် ခွေးအားခေါ်သွားလိုသော်လည်း ထားရစ်ခဲ့ရသည့်အတွက် စိတ် မကောင်းဖြစ်ရသည်ကို မြင်တွေ့ရသည်။ ပုံဆိုးမနှင့်ဘဝတူခွေးများသည်လည်း ပိုင်ရှင်မဲ့များ ဖြစ်သွားကြ သည်။ လောကဥ္စာအားကိုးရာမဲ့ ဖြစ်သွားသည်နှင့် မိမိဘဝကို မိမိကိုယ်တိုင် ထိန်းကျောင်းရင်း ရှေ့ဘဝခရီးကို ဆက်လက်လျှောက်လှမ်းကြရမည့် သဘောသဘာဝတို့ကို ထင်ဟပ်ကာ ရေးသားထား သည်ကို တွေ့မြင်ရသည်။

"ပိုးဖလံ" ဝတ္ထုတွင် ဦးစံကွန့်နှင့် ခင်အေးချစ်တို့ကို အကြင်လင်မယားအဖြစ် ပတ်ဝန်းကျင်က သိသွားပြီးနောက်၊ ဦးစံကွန့်နှင့် ခင်အေးချစ်တို့ မိသားစု၏ ဆက်ဆံရေးအခြေအနေကို

"ဟိုတုန်းက ရိုသေလေးစားကြသလောက် အခုတော့ ရိုင်းပြလာကြတယ်။ ကိုလှသောင်း တို့ မဒေါ်တို့ကဆို သူ့ကိုစကားတောင် ဟက်ဟက်ပက်ပက် မပြောကြတော့ဘူး။ ကလေးတွေကလည်း ခိုင်းတာဘာတစ်ခုမှ လုပ်မပေးကြ ဘူး။ ယုတ်စွအဆုံး ထမင်းဆာ တာတောင် ကိုယ့်ဟာကိုယ် ခူးစားရတဲ့အဖြစ်။ ကြာတော့ ဦးစံကွန့်ကြီး စိတ်ဆင်းရဲလာ တယ်" (ခင်ခင်ထူး၊ ၂၀၁၀၊ ၈၃-၈၄)

ဟူသော ဝတ္ထုရေးသူ၏ တိုက်ရိုက်ပြောစကားဖြင့် ဖော်ပြထားသည်။ မိသားစု၏ တာဝန်ကိုယူကာ ထောက်ပံ့ပေးစဉ်က အဆင်ပြေသော်လည်း ဖုံးဖိလျှို့ဝှက်ထားသည့်ကိစ္စကို ဖော်ထုတ်လိုက်သည့်အခါ အမှန်တရားပင် ဖြစ်စေကာမူ အသက်အရွယ်ကြီးရင့်မှု၊ ကျေးဇူးရှိမှုတို့ကို ဂရုမထားတော့ဘဲ အရိုအသေမဲ့လာတတ်ကြသော လူ့သဘာဝကို တွေ့မြင်ရပါသည်။

ခင်အေးချစ်သည် ဦးစံကွန့်နှင့် ကွာရှင်းကာ နောက်အိမ်ထောင်ပြုမည့်အကြောင်း ဖွင့်ပြောခဲ့သည်။ လက်ထပ်စဉ်က ဝယ်ပေးထားသော လက်ဝတ်လက်စားများကိုလည်း ပြန်ပေးခဲ့ပြီး အိမ်ပေါ်မှ ဆင်းသွားခဲ့သည်။ အိမ်တွင် ကျန်ရစ်ခဲ့သော ဦးစံကွန့်၏ ဖြစ်အင်ကို ဝတ္ထုရေးသူ၏ တိုက်ရိုက်တင်ပြဟန်ဖြင့်

> "ခင်အေးချစ် ဆင်းသွားကတည်းက ဦးစံကွန့်တစ်ယောက် မစားနိုင်မသောက်နိုင် ဖြစ်တော့တာပါပဲ။ တပိန်ပိန်တရှောင်ရှောင်နဲ့ ကျန်းမာရေးကို ထိခိုက်လာတယ်။ ပြုစုမယ့်သူရယ်လို့လည်း မရှိဘူး။ သွေးမတော် သားမစပ်တဲ့ သူတစိမ်းတွေအလယ်မှာ မျက်စိသူငယ် နားသူငယ်နှင့် အားတွေငယ်နေမိတယ်။ နောက်ဆုံးတော့ အိပ်ရာထဲ ဘုံးဘုံးလဲ တော့တာပါပဲ" (ခင်ခင်ထူး၊ ၂၀၁၀၊ ၈၆-၈၇)

ဟူ၍ ဖော်ပြထားသည်။ အချစ်နှင့်ပတ်သက်၍ စိတ်ထောင်းကိုယ်ကြေဖြစ်ကာ ကြေကွဲခံစားနေရသည့် ဦးစံကွန့်၏အနေအထားကို မြင်တွေ့ရသည်။ လောကတွင် မိမိချစ်ခင်သကဲ့သို့ ပြန်လည်မချစ်ဘဲ ဥပေက္ခာပြုပါက ခံစားရလေ့ရှိသော လူ့သဘာဝကို ပေါ်လွင်စေပါသည်။

## ၅။ သုံးသပ်ချက်

ဤစာတမ်းတွင် ခင်ခင်ထူး၏ ဖက်စိမ်းကွမ်းတောင်ရွှေဝတ္ထုတိုလာ ဝတ္ထု(၃)ပုဒ်မှ လောကသဘာဝ၊ လူ့သဘာဝတို့ကို လေ့လာဖော်ထုတ်ထားပါသည်။ ဇာတ်ဆောင်တို့၏ အတွေး၊ ခံစားချက်၊ ပြုမူလှုပ်ရှားမှုများကို ဇာတ်ဆောင်ကိုယ်တိုင် ပြောဟန်ဖြင့်လည်းကောင်း၊ ဇာတ်ဆောင်အချင်းချင်း ပြောဟန်ဖြင့်လည်းကောင်း၊ ဝတ္ထုရေးသူ၏ တိုက်ရိုက်ပြောဟန်ဖြင့်လည်းကောင်း လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ခင်ခင်ထူး၏ ဝတ္ထုတိုများရှိ လူ့သဘာဝအဖွဲ့ကို သဘာဝကျအောင်ဖွဲ့ရာတွင် ဇာတ်ဆောင်၏ ကိုယ်တိုင်ပြောဟန်ကို အများဆုံး အသုံးပြု၍ ရေးသားထားသည်ကို တွေ့ရသည်။

"ခရီးဖော်" ဝတ္ထုတွင် ခင်ပွန်းနှင့်တန်းတူ အလုပ်လုပ်ကာ ခင်ပွန်းဖြစ်သူကို ဂရုစိုက်သော အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦး၏ သဘာဝကိုဖော်ထုတ်ပြသည်။ စိတ်ဆင်းရဲလျှင် အရက်သောက်တတ်သော၊ အသက်ရှင်ကျန်ရစ်ခဲ့ရသည်ကိုပင် ကံမကောင်းဟုယူဆကာ ပြောဆိုတတ်သော ယောကျာ်းတို့၏ သဘာဝ၊ မိဘက သားသမီးများကို ကျွေးမွေးနိုင်သော်လည်း၊ သားသမီးများက မိဘနှစ်ပါးကို ပြန်လည်ကျွေးမွေး နိုင်စွမ်းမရှိသော၊ မိဘနှင့်သားသမီးတို့ကြားတွင် ဖြစ်တတ်သော လူ့သဘောသဘာဝများကို ထုတ်ဖော်ပြထားသည်။

"ပုံဆိုးမ" ဝတ္ထုတွင် ခွေးမလေးတစ်ကောင်၏ ခံစားချက်အတွေးများဖြင့် လောကရှိလူတို့၏ အတ္တကြီးသော၊ တစ်ကိုယ်ကောင်းဆန်သော သဘောသဘာဝများကို ပြသထားသကဲ့သို့ ဒုက္ခတွေ့သူကို

တတ်နိုင်သလောက် ကူညီဖေးမကြသော သဘောသဘာဝများနှင့် နှိုင်းယှဉ်ဖော်ပြခြင်းဖြင့် အဆိုး အကောင်း ယှဉ်တွဲနေသော မိမိပတ်ဝန်းကျင်ကိုလည်း ဂရုပြုမိလာစေပါသည်။

"ပိုးဖလံ" ဝတ္ထုတွင် အသက်အရွယ်ကွာခြားသော်လည်း အနေနီးစပ်ပါက သံယောဇဉ် တွယ်မိ သည့်သဘော၊ နှလုံးသားအရေးကိုသာ ဦးစားပေးတတ်သည့် မိန်းကလေးတို့၏သဘော၊ စိတ်ခံစား မှုကို ဦးစားပေးပါကအဆုံး၌ ဒုက္ခနှင့်သာ ရင်ဆိုင်ရသည့်သဘော၊ အမှန်တရားကို ဖော်ထုတ်လိုက်သည့် အခါ ဖော်ထုတ်သူအပေါ် မထေမဲ့မြင်ပြုလာတတ်သည့်သဘောတို့ကို ပေါ်လွင်အောင် ဖော်ညွှန်းထားပါ သည်။

ခင်ခင်ထူး၏ဝတ္ထုအမှာစာတွင် ဖက်စိမ်းကွမ်းတောင်ကိုင်ခွင့်ရသူသည် မိစုံဖစုံဖြစ်ရခြင်း၊ မိဘ သည် ငယ်လင်ငယ်မယားဖြစ်ရခြင်း၊ ပစ္စည်းဥစ္စာအတန်အသင့်ရှိရခြင်း၊ မျိုးရိုးဇာတိကောင်းခြင်း တို့နှင့် ပြည့်စုံမှသာ အများသဘောတူ ကွမ်းတောင်ကိုင်အစစ်ဖြစ်သည်။ ထိုနည်းတူ ခင်ခင်ထူး၏ ဝတ္ထုတိုများ သည်လည်း သစ်သားကလပ်ကြီးကို ငှက်ပျောဖက်ညွန့်ဖြင့် တန်ဆာဆင်ထားခြင်းဖြစ်၍ လုပသော ဖက်စိမ်းကွမ်းတောင် တစ်လက်ဖြစ်ရန် အားထုတ်ရေးသားထားသည်ဟု ဆိုထားပါသည်။

ခင်ခင်ထူး၏ ဝတ္ထုတိုများမှ (၃) ပုဒ်ကို လေ့လာကြည့်ရာ လူ့လောကတွင် ဖြစ်လေ့ဖြစ်ထရှိသော လူ့သဘာဝ အဖြစ်အပျက်များကို ရေးသားထားသည့်အတွက် ဒိဋ္ဌမ္မလောကတွင်ရှိသော လူတို့၏ စရိုက်သဘာဝများနှင့် တူညီသည်ကို သိရှိရပါသည်။ ခင်ခင်ထူး၏ ဝတ္ထုတိုများမှ လူ့သဘာဝအဖွဲ့များ သည် မိမိပတ်ဝန်းကျင်ကို ဂရုပြုမိစေသည်။ မိမိပတ်ဝန်းကျင်မှတစ်ဆင့် ဆောင်ယူဖွယ်၊ ရှောင်ကြဉ်ဖွယ်၊ အတုယူဖွယ်ကောင်းသော လူတို့၏ စရိုက်မျိုးစုံကို ဖော်ထုတ်ရေးသားထားသောကြောင့် တန်ဖိုးမဖြတ် နိုင်သော ဘဝအသိကို ဖြစ်ပေါ်စေသဖြင့် လူ့သဘာဝအဖွဲ့ကောင်းများ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## နိဂုံး

ဤစာတမ်းသည် ခင်ခင်ထူး၏ ဝတ္ထုတိုများမှ လူ့သဘာဝအဖွဲ့များကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ခင်ခင်ထူး၏ ဝတ္ထုတိုများသည် အမျိုးသားစာပေဆုရဝတ္ထုများပီသစွာ လူ့သဘာဝ၊ လူ့စရိုက်များကို ထင်ဟပ်ရေးသားထားသဖြင့် စာဖတ်သူအတွက် ဘဝအသိအမြင် တိုးပွားစေပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ခင်ခင်ထူး။ (၂၀၁၀)။ ***ဖက်စိမ်းကွမ်းတောင်ရွှေဝတ္ထုတိုများ***(စတုတ္ထအကြိမ်)။ ရန်ကုန်၊ ရှုဝံပုံနှိပ်တိုက်။

ဇော်ဂျီ။ (၁၉၇၆)။ ***ရသစာပေအဖွင့်နှင့်နိဒါန်း***။ ရန်ကုန်၊ အင်ကြင်းဦးပုံနှိပ်တိုက်။

ထင်၊ မောင်။ (၁၉၈၁)။ "ဘဝသရုပ်ဖော်မြန်မာဝတ္ထုရှည်"။ ***ဝတ္ထုရှည်စာတမ်းများ၊ ဒုတိယတွဲ***၊ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

မိုးမြေ၊ မ။ (၂၀၁၇)။ ***ဝတ္ထုတိုသဘောတရား ဝတ္ထုတိုဖန်တီးရေးသားမှုအတတ်ပညာ***၊ ရန်ကုန်၊ ဂျူဂျူးပုံနှိပ်တိုက်။

မင်းယုဝေ။ (၁၉၇၉)။ "ဝတ္ထုတို၏ အင်္ဂါရပ်များ"။ ***ဝတ္ထုတိုစာတမ်းများ***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

လေးကိုတင်။ (၂၀၁၅)။ ***ရောဝတီရုပ်ပုံလွှာ (၂၀ရာစု မြန်မာစာရေးဆရာများ)***၊ ရန်ကုန်၊ လင်းလွန်းခင်စာပေ။

ဝန်၊ ဦး။ (၁၉၆၅)။ "အမှာစာ"။ ***ဦးပုည၏ဝတ္ထုလေးပုဒ်***၊ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်။

သူရိယကန္တိ။ (၂၀၁၆)။ ***ဝတ္ထုရေးလိုသော်***၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

## အင်္ဂလိပ်ဘာသာ

Cuddon.J.A. (1999). ***Literary Terms and Literary Theory***. Perguin Books. Ltd.

Richardson. Jack. (2014). ***Illustrated Dictionary of Literature***. Lotus Press.

နောက်ဆက်တွဲ (က)

**ကောက်နုတ်ချက်**

**စာမျက်နှာ**

Short story

Prose story telling whose incidents are deeply revealing of human values. ၅

(Richardson, Jack, ၂၀၁၄, ၁၅၆)

Naturalism


In literature naturalism developed out of realism. ၆

(Cuddon, J.A, ၁၉၉၉, ၅၃၇)

နောက်ဆက်တွဲ (ခ)



စာရေးဆရာမ ခင်ခင်ထူး




အလေ့လာခံ စာအုပ်မျက်နှာဖုံး